# စတုမ်း ဘီဘီ

## ကြွက်သတ်ဆေးခဲ



**STORM® BB**

**Rodenticide Wax Block Bait**

Compostion:
Active Ingredient: **Flocoumafen** .............. 0.005% w/w Bait
Inert Ingredient: ..................................... 99.995%
Chemical Group- Coumarin

**NET CONTENT: 1 Kg**

BASF
We create chemistry

**ကလေးများ လက်လှမ်းမမီသောနေရာတွင်လုံခြုံစွာ သော့ခတ်သိမ်းဆည်းပါ။**

### ကြိုတင်သတိပြုခြင်း

အဆိပ်ခဲ ကိုင်တွယ်အသုံးပြုစဉ် အစာမစားရ၊ ရေမသောက်ရ၊ ဆေးလိပ်မသောက်ရ၊ ရော်ဘာလက်အိတ်စွပ်၍ ဆေးကို ကိုင်တွယ်ပါ။ အစားအစာ၊ သောက်သုံးရေများနှင့် ဝေးရာတွင် ထားပါ။ မူလဆေးထုပ်အတိုင်း လုံခြုံစွာ ပိတ်၍ လုံခြုံသောနေရာတွင် သော့ခတ်သိမ်းဆည်းပါ။ အစားအစာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အစားအစာ ချက်ပြုတ်ပြင်ဆင်သောနေရာများတွင် ဤအဆိပ်ခဲ မချရ။ သောက်ရေ သုံးရေထဲသို့ မရောက်စေရ။ အဆိပ်ခဲ ကိုင်တွယ်သုံးစွဲပြီးတိုင်း လက်ကိုဆေးကြောပါ။

**အဆိပ်သင့်လက္ခဏာ**

နှာခေါင်း၊ သွားဖုံးတို့မှ သွေးယိုစိမ့်လာခြင်း၊ အဆိပ်သင့်မှု ပြင်းထန်ပါက စနှာကိုယ်အတွင်းမှပါ သွေးများပြားစွာ ယိုထွက်လာနိုင်ပါသည်။

### ရှေးဦးသူနာပြုစုခြင်း

မျိုချမိပါက – ဆေးကုသမှု ချက်ချင်းခံယူပါ။ ဆရာဝန် ချက်ချင်းမတွေ့နိုင်ပါက လူနာအား လည်ချောင်းအတွင်းသို့ လက်ချောင်းထိုးနှိုက်၍ အန်အောင်ပြုလုပ်ပါ။
လူအရေပြားနှင့်ထိမိပါက – ဆေးစွန်းပေသောအဝတ်အစားများကို ချွတ်ပြီး ရေ၊ ဆပ်ပြာတို့ဖြင့် ဆေးကြောပါ။
မျက်စိအတွင်းဝင်ပါက – ရေများများဖြင့် မျက်စိကို ဆေးကြောပါ။

**ဆရာဝန်သို့အကြံပြုချက်**

အဆိပ်ဖြေဆေးမှာ ဗီတာမင်–ကေ ဖြစ်သည်။ အဆိပ်သင့်မှု ပြင်းထန်ပါက ဗီတာမင်–ကေ အကြောဆေးကို အကြိမ်ကြိမ်ခွဲ ထိုးပေးပါ။ လူကြီးအတွက် ၄၀ မီလီဂရမ်နှင့် ကလေးများအတွက် ၂၀ မီလီဂရမ် နေ့စဉ်ထိုးပေးရမည်။

### အသုံးပြုပုံအညွှန်း

**အဆိပ်ခဲထားရှိပုံနှင့် စစ်ဆေးခြင်း**

**သီးနှံစိုက်ခင်းကြွက်နှိမ်နင်းရန်အတွက် –**

– အဆိပ်ခဲချထားရမည့်နေရာ ရွေးချယ်ပါ။(ဥပမာအားဖြင့် စိုက်ခင်း၊ အမှိုက်ပုံး ဘေးပတ်ဝန်းကျင် ကြွက်တွင်း၊ ကြွက်လှုပ်ရှားသွားလာလမ်းကြောင်း)၊ ကြွက်များ နေထိုင်သောနေရာနှင့် အစာရှာဖွေရာ လမ်းကြောင်းတစ်လျှောက် အဆိပ်ခဲ ချထားရမည်။
– ကြွက်ဦးရေများပြားပါက (၁၅–၁၈)ပေခြား ချထားပေးပါ။ ထိပ်နှစ်ဖက် ဖွင့်ထားသော ပလပ်စတစ်ပိုက်(သို့မဟုတ်)ရေသန့်ဘူးခွံအတွင်း၌ မြှားစာချခြင်းဖြင့် ပိုမိုထိရောက်နိုင်ပါသည်။

**အိမ်ကြွက်နှိမ်နင်းရန်အတွက် –**

– ကြွက်လှုပ်ရှားသွားလာမှုထင်ရှားသောနေရာ၊ ကြွက်ချေးများ တွေ့ရသောနေရာများတွင် ဤအဆိပ်ခဲချပေးပါ။ (၇)ရက်အတွင်း အဆိပ်ခဲချထားသောနေရာကို စစ်ဆေးပြီး ကြွက်စားထားသည့် အဆိပ်ခဲအကြွင်းအကျန်များကို အဆိပ်ခဲအသစ်ဖြင့် လဲလှယ်ပေးရမည်။ ထို့ပြင် ကြွက်စားထားသည့်လက္ခဏာ မတွေ့ရသော အဆိပ်ခဲများကို နေရာပြောင်း၍ ချထားပေးရမည်။ ကြွက်တွင်းဝနှင့် အဆိပ်ခဲချထားသောနေရာများကို (၇)ရက်ခြား စစ်ဆေးပြီး ကြွက်များ အဆိပ်ခဲစားထားကြောင်းတွေ့ပါက အဆိပ်ခဲအသစ် ထပ်မံချထားရမည်။

**သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်း**

ဆေးထုပ်ကို သေချာစွာပြန်ပိတ်၍ အစားအစာများ၊ တိရစ္ဆာန်အစာများနှင့် ဆေးကြွင်းဆေးခဲနှင့် ကြွက်သေများကို သေချာစွာမြေမြှုပ်စွန့်ပစ်ပါ။ အထုပ်ခွံများကို ပြန်မသုံးရ။

အဆိပ်ဖြစ်မှုအဆင့်အတန်း– GHS အုပ်စု (၅)

သတိ

**ဤအသုံးမပြုမီ ဆေးအညွှန်းစာကို သေချာစွာဖတ်ပါ။**

**အသုံးပြုရန်အညွှန်း**

| သီးနှံ | နှုန်းထား | အသုံးပြုရမည့်အကြိမ် |
|---|---|---|
| စပါး၊ ကြံ၊ ကိုကိုး၊ ဆီအုန်း၊ ငှက်ပျော စိုက်ခင်းများ | ၂၀၀–၃၀၀ ဂရမ်/ဧက (ဆေးခဲ ၄၀–၆၀/ဧက) | ၂ – ၄ ကြိမ် |

ထုတ်လုပ်သူ
**BASF SE, Ludwigshafen, DE**
Carl-Bosch-Str. 38
67056 Ludwigshafen, Germany

ဖြန့်ဖြူးသူ
**GOLDEN LION HIGH TECH AGRICULTURAL CO., LTD.**
အမှတ်– ၂၄၂၊ ကမ္ဘာအေးစေတီလမ်း၊ လှိုင်သာယာစက်မှုဇုန်(၂)၊
ရန်ကုန်မြို့၊ မြန်မာ၊ ဖုန်း – +၉၅–၁–၆၈၃၄၅၀၊ ၆၈၃၀၀၃၊ ၆၈၂၆၀၆

မှတ်ပုံတင်အမှတ် .(Regd. No.) ..P 2017-2769..........
ထုတ်လုပ်မှုအမှတ်စဉ် (BN) ..............................
ထုတ်လုပ်သည့်ရက်(DOM) ..............................
သက်တမ်းကုန်ဆုံးမည့်ရက် (Exp.) ..............................

14.6.2018.
သင်းသင်းမြင့်
က်ထောက်ညွှန်ကြားရေးမှူး
သီးနှံကာကွယ်ရေးဌာနခွဲ